ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျောက်ကြီးမြို့နယ်

(၂၀၁၈)ခုနှစ်

ပတ္တလားအုပ်စု                    ကျွဲတလင်းအရှေ့စုကျေးရွာ

# မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ(အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

(၂-၃ပုံ ထက်မများရ)

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။အစည်းအဝေးမှတ်တမ်းများ

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# မြို့နယ်မြေပုံ



## ကျွဲတလင်းကျေးရွာတည်နေရာပြမြေပုံ



# ကျွဲတလင်းအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

(၁)ကျွဲတလင်းကျေးရွာ

(၂)မတောကုန်းကျေးရွာ

(၃)ကျွဲတလင်းအရှေ့စုကျေးရွာ

## <u>ကျွဲတလင်းအရှေ့စုကျေးရွာအခြေခံအချက်အလက်များ</u>


ကျွဲတလင်းအရှေ့စုကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက် (၇)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ကျွဲတလင်းအရှေ့စုကျေးရွာတွင် အိမ်ခြေ(၁၅) အိမ်ရှိပါသည်။ အမျိုးသား(၄၁)ဦးနှင့်အမျိုးသမီး(၄၂)ဦးရှိပြီးတစ်ရွာလုံး ဗုဒ္ဓဘာသာ ကရင်လူမျိုးများဖြစ်ကြပါသည်။ ကျွဲတလင်းအရှေ့စုကျေးရွာတွင် အိမ်ခြေ(၁၅)အိမ် သာရှိသောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျွဲတလင်းကျေးရွာနှင့် အတူတကွ လုပ်ဆောင်ကြပါသည်။ လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်ရံပုံငွေဖြင့် ထန်းပင်ကုန်း လမ်းခွဲမှ ကျွဲတလင်းကျေးရွာထိ ရွာချင်းဆက်လမ်းကြီးအား တိုချဲ့ပြုပြင်ပြီး တံတား များလည်း တည်ဆောက်ခဲ့ကြသည့်အတွက် လမ်းပန်းဆက်သွယ်ရေးမှာ အဆင်ပြေ ကောင်းမွန်ပါသည်။ကျွဲတလင်းအရှေ့စုကျေးရွာတွင်ကျန်းမာရေး၊ပညာရေးနှင့်ပတ် သက်၍အဆောက်အဦများမရှိပါ။ ကျွဲတလင်းကျေးရွာနှင့်နီးသောကြောင့်ကျွဲတလင်း ကျေးရွာသို့သွားရောက်ကြရပါသည်။ လူထုဗဟိုပြုစီမံကိန်း ဝင်ရောက်လာသည့် အခါ တွင်လည်း အစည်းအဝေးပွဲများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွပူးပေါင်း လုပ်ဆောင်ကြပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၅ | ၉ | ၁၄ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# ကျွဲတလင်းအရှေ့စုကျေးရွာအရင်းအမြစ်ပြမြေပုံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ ကျွဲတလင်း(အရှေ့စု)ကျေးရွာ၏ လူမှုရေးအရင်း အမြစ်ပြမြေပုံသုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်း(အရှေ့စု)ကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ကျွဲတလင်း(အရှေ့စု)ကျေးရွာတွင် အိမ်ခြေ(၁၅)အိမ်ရှိပြီး တစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ လူဦးရေစုစုပေါင်း (၈၂)ဦးရှိပြီး အမျိုးသား (၄၀)ဦးနှင့် အမျိုးသမီး (၄၂)ဦးရှိပါသည်။

<u>သောက်သုံးရေ</u>

ကျွဲတလင်းကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်တွင်းများ ၊ရေတွင်းများရှိသော်လည်း သောက်သုံးရေသန့်ရရှိသည့် တုံကင်အရေအတွက်နည်းပါးပါသည်။ရွာတွင် စက်ရေတွင်းနှင့်ရေကန်ရှိသော်လည်း တစ်ရွာလုံးလက်လှမ်းမီအသုံးမပြုနိုင်ဟုသိရှိရပါသည်။

<u>လမ်းနှင့်တံတားဆက်သွယ်ရေး</u>

ကျွဲတလင်းအရှေ့စုကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် ကျွဲတလင်းကျေးရွာနှင့် ထန်းပင်ကုန်းတာဆုံသို့ ဆက်သွယ်ထားသောလမ်းအား ဂဝံလမ်းအဖြစ် ပြုလုပ်ပြီး ရေပြွန်များအား စနစ်တကျပြုလုပ်ထားခြင်း၊ ပထမနှစ်စက်ဝန်းတွင် မတောကုန်း ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းအား ပြုပြင်မှုများ ပြုလုပ်ထားသည့်အတွက် ရွာချင်းဆက် လမ်းများမှာအဆင် ပြေချောမွေ့ပါသည်။

ပညာရေး

ကျွဲတလင်း(အရှေ့စု)ကျေးရွာတွင် စာသင်ကျောင်းမရှိသော်လည်း ကျွဲတလင်းကျေးရွာနှင့် နီးသည့်အတွက် ကျွဲတလင်းကျေးရွာသို့သွားတက်ကြပါသည်။ ယင်းစာသင်ကျောင်းမှာ ၂၀၁၄ခုနှစ်တွင် ပညာရေးဌာနမှ စာသင်ဆောင် သစ်တစ်လုံး အားထပ်မံရရှိခဲ့ပါသည်။ ယခုနှစ်ပေါင်း ကြာလာသည်နှင့်အမျှ ကျောင်းသားဦးရေ ပိုမိုများပြားလာပါသည်။ ကျောင်းသားဦးရေနှင့် ဆရာ၊မဦးရေများပြီး စာသင်ကျောင်းအိမ်သာ နှစ်လုံးသာရှိသောကြောင့် စာသင်ကျောင်းအိမ်သာလုံလောက်မှုမရှိပါ။

## ကျန်းမာရေး

ကျွဲတလင်း(အရှေ့စု)ကျေးရွာတွင် ဆေးပေးခန်းနှင့်ကျန်းမာရေးဆရာမမရှိသောကြောင့် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်လာလျှင် ကျွဲတလင်းကျေးရွာသို့လည်းကောင်း၊ မြို့နယ်ဆေးရုံဆေးခန်းသို့လည်းကောင်းသွားရောက်ကုသ ကြရပါသည်။

## စီးပွားရေး

ကျွဲတလင်း(အရှေ့စု)ကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်၊ ကိုင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ငါးရှာခြင်း၊ ဈေးရောင်းခြင်းတို့ကိုလည်း လုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုဝင်များသည် ကိုယ်ပိုင်လယ်၊ကိုင်းများ မရှိသဖြင့် ကြုံရာကျဘမ်းအလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။

## အနှစ်ချုပ်

ကျွဲတလင်းအရှေ့စုကျေးရွာသည် အိမ်ခြေ(၂၈)မပြည့်သောကြောင့် လူထုဗဟိုပြုစီမံကိန်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျွဲတလင်းကျေးရွာနှင့်အတူလုပ်ဆောင်ကြပါသည်။

# မနေအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ကျွဲတလင်း                                                  အုပ်စု - ကျွဲတလင်း

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောအုပ်စု | အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ပျဉ်ကာအိမ်၊ လယ်ထွန်စက် | ၃ | ၂၀% |
| အလယ်အလတ်အုပ်စု | လယ်၊ကိုင်း၊လှည်း၊နွား၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၅ | ၃၃% |
| နွမ်းပါးသောအုပ်စု | ဆိုင်ကယ်၊သက်ကယ်မိုးပျဉ်ထောင်အိမ်၊ကြက်၊ဝက်၊ဘဲ၊စက်ဘီး၊လက်လုပ်လက်စား | ၇ | ၄၇% |
| စုစုပေါင်း | | ၁၅ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ကျဲ့တလင်းအုပ်စု၊ကျဲ့တလင်းအရှေ့စုကျေးရွာ၏ ဥစ္စာခနေ ခွဲခြမ်းစိတ်ဖြာမှု သုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**


**နေရာ-ကျဲ့တလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျဲ့တလင်းအရှေ့စုကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသောကြောင့် အများအားဖြင့် လယ်နှင့်ကိုင်းများရှိကြပါသည်။ ကျဲ့တလင်းအရှေ့စုကျေးရွာ၏ အဆင်ပြေသော မိသားစုတို့သည် အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊နွား၊ ပျဉ်ကာအိမ်၊ လယ်ထွန်စက်၊ ၊ဖောကားများ ပိုင်ဆိုင်ကြပြီး တစ်ရွာလုံး၏ (၂၀%)ခန့်သာရှိသည်။ အလယ်အလတ် မိသားစု များတွင် လယ်၊ ကိုင်းအနည်းငယ်စီ၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုးအိမ် ပိုင်ဆိုင်ကြ သော မိသားစုတို့မှာ တစ်ရွာလုံး၏ (၃၃%)ခန့်ရှိကြသည်။ နွမ်းပါးသော မိသားစုများသည် ဆိုင် ကယ်၊သက်ကယ်မိုးပျဉ်ထောင်အိမ်၊ကြက်၊ဝက်၊ဘဲ၊စက်ဘီး၊ ဆိုလာနှင့် အိမ်မွေးတိရိစ္ဆာန်များ ပိုင် ဆိုင်ကြပြီး အင်းများတွင် ငါးရှာခြင်း၊ ဈေးရောင်းခြင်း၊လက်လုပ်လက်စား ကျဘမ်းအလုပ်များ လုပ်ကိုင်ကြသော မိသားစုတို့မှာ (၄၇%)ခန့်ရှိပါသည်။

ပြဿနာအနှစ်ချုပ်

ကျဲ့တလင်းအရှေ့စုကျေးရွာသည် လယ်ယာစိုက်ပျိုးခြင်းကို အဓိကထား၍ လုပ်ကိုင်ကြပြီး လက်လုပ်လက်စားပေါ်များပါသည်။

ကျား-မရေးရာ အရင်းအမြစ်ပိုင်ဆိုင်မှု/အသုံးပြုမှု



ကျား-မရေးရာ အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်ချက်ချမှု



**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းအုပ်စု၊ ကျွဲတလင်းအရှေ့စုကျေးရွာ၏ အရင်းအမြစ် အသုံးချမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းကျေးရွာ၏အရင်းအမြစ်အသုံးချမှု၊ဆုံးဖြတ်ချက်ချမှုသုံးသပ်ချက်ကိုကျွဲတလင်းကျေးရွာနှင့်ပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။ ကျွဲတလင်းအရှေ့စုကျေးရွာတွင်လည်း အရင်းအမြစ်များအဖြစ် အိမ်၊ လှည်း၊ နွား၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ လယ်ထွန်စက်၊ ဆန်စက်၊ ဆိုင်ကယ်၊ ကြက် ၊ဝက် ၊ခြံမြေတို့အား ပိုင်ဆိုင်ကြပါသည်။ ထိုအရင်းအမြစ်နှင့် ပတ်သက်၍ ဖောကား ဆန်စက်စသည့် စက်နှင့်ပတ်သက်သည့် ပစ္စည်းများအား အမျိုးသားများက အသုံးပြုကြပြီး ကြက်၊ ဝက်၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ ဆိုင်ကယ်၊ လှည်းတို့အား အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။၊ အရင်းအမြစ်များအား ထိန်းချုပ်ရာတွင် စက်ပစ္စည်းများအား အမျိုးသားများက အများဆုံး အသုံးပြုကြပြီး အမျိုးသားများကသာ ထိန်းချုပ်ကြပါသည်။ ကျန်ပစ္စည်းများအား အမျိုးသားနှင့် အမျိုးသမီးတို့ တိုင်ပင်ညှိနှိုင်းပြီး ထိန်းချုပ်မှုများ ပြုလုပ်ကြပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်


ရာသီခွင်ပြ ပြက္ခဒိန်
အကြောင်းအရာ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
လယ်လုပ်ငန်း
ကိုင်းလုပ်ငန်း
ဝင်ငွေ
ရာသီဥတုအခြေအနေ
ကျန်းမာရေး
လူမှုရေးကိစ္စ
ပွဲတော်

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ ကျွဲတလင်းအရှေ့စုကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းအရှေ့စုကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်အား ကျွဲတလင်းကျေးရွာနှင့် အတူတကွ ရေးဆွဲခဲ့ကြသည်။ ထိုကျေးရွာများ၏ အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်၊ ကိုင်း၊ အင်းလုပ်ငန်းများ ဖြစ်ပါသည်။ နယုန်လ၊ ဝါဆိုလနှင့် ဝါခေါင်လတွင် စပါးပျိုးကြဲခြင်းနှင့် မိုးပဲများစိုက်ပျိုးခြင်း လုပ်ငန်းကို လုပ်ကိုင်ပြီး သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် သီးနှံများ ရိတ်သိမ်းကြပါသည်။ အင်းလုပ်ငန်းအားတန်ခူးလမှ တော်သလင်းလအထိ အနည်းငယ်လုပ်ကိုင်ကြပါသည်။ ဘာသာရေးပွဲတော်အနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲ၊ တော်သလင်းလတွင် ရှင်ဥပကုတ္တမီးမျှောပူဇော်ပွဲ၊ ဝါဆို၊ သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်ဘာသာရေးပွဲများပြုလုပ်ကျင်းပကြသည်။ နယုန်လတွင်မူ နေပူတလှည့်မိုးရွာတလှည့်ရှိသည်။ ဝါဆိုနှင့်ဝါခေါင်လ၊တော်သလင်းလများတွင်မူ မိုးသည်းထန်စွာရွာသွန်းတတ်သည်။ တန်ဆောင်မုန်းလမှ ကဆုန်လထိ နေပူ၍ ရာသီဥတုသာယာပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် ကျေးရွာသူကျေးရွာသားများ အလုပ်အကိုင်နည်းပါးပြီး ထိုလများတွင်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည် ဖြစ်သည်။

# ပင့်ကူအိမ်ပုံစံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကွဲ့တလင်းအုပ်စု၊ ကွဲ့တလင်းအရှေ့စုကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်**


**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကွဲ့တလင်းကျေးရွာဘုန်းကြီးကျောင်း**

ကွဲ့တလင်းအရှေ့စုကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်အား ကွဲ့တလင်းကျေးရွာနှင့် အတူတကွ ရေးဆွဲခဲ့ကြသည်။ ကွဲ့တလင်းအရှေ့စုကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ရာတွင် ခေါင်းစဉ်(၈)ခုဖြင့် ဆွေးနွေးခဲ့ပါသည်။ (၁)ပညာရေး၊ (၂)ဝင်ငွေရရှိမှု၊ (၃)အိမ်မှုကိစ္စ၊ (၄)အစည်းအဝေးများ တွင်ပါဝင်မှု၊ (၅) ကျန်းမာရေး၊ (၆) ဦးဆောင်နိုင်မှု၊ (၇)လူမှုရေး ၊ (၈)ဗဟုသုတတို့ဖြစ်ပါသည်။

ကွဲ့တလင်းကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီး ပညာရေးအခြေအနေသုံးသပ်ချက်မှာ အမျိုးသားများသည်(၅၀%)ရရှိပြီး အမျိုးသမီးများသည်(၅၀%)ရရှိသည်။ ကွဲ့တလင်းကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ပညာသင်ကြားခွင့် တန်းတူရရှိကြသည်။ ဝင်ငွေရရှိမှု အခြေအနေ သုံးသပ်ချက်တွင် အမျိုးသားများက (၇၀%)ရရှိပြီး အမျိုးသမီးများသည် (၃၀%)ရရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေရလုပ်ငန်းများ ပိုမို လုပ်ကိုင်ကြသောကြောင့် ဖြစ်သည်။ လူမှုရေးကိစ္စရပ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူပါဝင်ကြသည်။ ဦးဆောင်နိုင်မှုအခြေအနေ သုံးသပ်ချက်တွင် အမျိုးသား ၈၀%ရရှိပြီး အမျိုးသမီးများသည် ၆၀%ရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဦးဆောင်မှုကဏ္ဍကို ပိုမိုလုပ်ဆောင် ကြခြင်းမှာ အမျိုးသမီးများကိုယ်တိုင်မှ အမျိုးသားများအား ဦးဆောင် နိုင်သူများဟု သတ်မှတ် ထားကြခြင်းကြောင့်ဖြစ်သည်။ ယခုအခါတွင်မူ ဦးဆောင်မှုအပိုင်းတွင် အမျိုးသားနှင့် အမျိုးသမီး ကွာခြားမှုနည်းပါလာပါသည်။ အိမ်မှုကိစ္စအခြေအနေ သုံးသပ်ချက်တွင် အမျိုးသားများက ၄၀% အမျိုးသမီးများက ၈၀% ခန့်ရှိကြပါသည်။အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စကို မိမိတို့တာဝန်ဟု သတ်မှတ်ထားကြခြင်း၊ အမျိုးသားများမှဝင်ငွေရလုပ်ငန်းများကို ပိုမိုလုပ်ကိုင်ကြခြင်းများကြောင့် ဖြစ်သည်။ အစည်းအဝေးများတွင်ပါဝင်မှုတွင် အမျိုးသားများက (၆၀%)ခန့်နှင့် အမျိုးသမီးများက (၈၀%)ခန့် ပါဝင်ကြသည်။ သို့သော်လည်း ဆုံးဖြတ်ချက်ချမှုများအား အမျိုးသားများကသာ ပိုမိုလုပ်ဆောင်ကြပါသည်။ အသိပညာဗဟုသုတကြွယ်ဝမှုတွင် အမျိုးသားနှင့်အမျိုးသမီးများ တန်းတူပညာသင်ကြားခွင့် ရရှိကြသည့်အတွက် ဗဟုသုတပိုင်းတွင်လည်း ညီမျှမှုရှိပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းအုပ်စု၊ကျွဲတလင်းအရှေ့စုကျေးရွာ၏ အဖွဲ့အစည်းချိတ် ဆက်ပုံသုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းအရှေ့စုကျေးရွာသည်အိမ်ခြေနည်းသောကြောင့် လူမှုရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများအား အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ထို့ကြောင့်ကျွဲတလင်းကျေးရွာတွင်ဖွဲ့စည်းထားသော လူမှုရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ဖွံ့ဖြိုးရေးအဖွဲ့များတွင် ကျွဲတလင်းအရှေ့စုကျေးရွာမှ ရွာသူရွာသား များအား ပါဝင်ဖွဲ့စည်းထားကြသည်။ ယင်းအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ဂေါပကအဖွဲ့၊ အမျိုးသမီးလူမှုရေးအဖွဲ့၊ အမျိုး သားလူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းကော်မတီတို့အား ကျွဲတလင်းကျေးရွာနှင့် အတူတကွ ဖွဲ့စည်းထားပါသည်။ ချိတ်ဆက်မှုရှိသော ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တို့ဖြစ်ပါသည်။

ကျွဲတလင်းအရှေ့စုကျေးရွာ၏ အဖွဲ့အစည်းအားလုံးတို့သည် ကျေးရွာ၏လူမှုရေး ကိစ္စများ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျွဲတလင်းကျေးရွာနှင့် ချိတ်ဆက်၍အတူတကွ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပပြုလုပ်ပုံ



အမျိုးသမီးအဖွဲ့မှ ဦးစားပေးလုပ်ငန်းများဆွေးနွေးနေပုံ



## အမျိုးသားအဖွဲ့မှကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲနေပုံ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင်အမည်<br>စောကိုနေဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09- 268970641 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ပညာဝေအောင် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု | ကျေးရွာ |

က။ လူဦးရေ

ကွဲတလာ: ဒာရှောခု

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ကရင်-- | ၁၅ | ဘာသာ (၁) ---ဗုဒ္ဓ---- | ၁၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ကရင်--- | ၄၀ | ၄၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၂ | ၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ဂဂ်လမ်း

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.25 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:05 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန် 00:05 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------ ရေကြီးခြင်း ------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် - ဦးမောဇဒုနီ

လက်မှတ် [signature] နေ့စွဲ 15/10/2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဟုယာမောင်

လက်မှတ် [signature] နေ့စွဲ 15/10/2017

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲကလင်း | ကျေးရွာ ကျွဲကလင်း [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15/10/2017 | 15/10/2017 | 6 | 9 | 15 | 15 | ကရင် | 15 | 100% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 23/12/2017 | 23/12/2017 | 5 | 9 | 14 | 14 | ကရင် | 14 | 93.33% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

## ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| ညွှန်ကြားချက်။ အဆင့်(၃) ကျေးရွာခံမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူး ၏အညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ယုယအောင် |
| နေ့စွဲ 23/12/2017 — စက်ဝန်းအား အမှတ်ခြစ်ပါ () □ စက်ဝန်း(၁) □ စက်ဝန်း(၂) □✓ စက်ဝန်း(၃) □ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ပဲခူး | ကျောက်ကြီး | ကျွဲတလဲ | ကျွဲတလဲ |

ဂ။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား /သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကျဉ်းမြောင်းပြီး ပျက်စီးနေသောကြောင့် မိုးရာသီ | ၁ | ရွာတွင်းလမ်းများ ပျက်စီးနေ၍သွားလာရေး နှင့်ပညာရေး ကိစ္စများ အတွက် ခက်ခဲခြင်း |
| ၂ | သွားလာရခက်ခဲခြင်း၊ ကားများ ထိုးဝင်၍ မရခြင်း။ ကျောင်းဆောင် ပျက်စီးနေ | ၂ | ဆေးခန်း ပျက်စီးနေ၍ ကျန်းမာရေး အတွက် စိတ်မချရခြင်း |
| ၃ | ရှိကျောင်းသား/သူများ အခက်အခဲ များခြင်း၊ ကျောင်းနှင့်ဝေးသော ... ရှိသောကြောင့် ကျန်းမာရေး ထိခိုက် | ၃ | ကျောင်းသားများ အတွက် ... ပေါက်ခြင်းကြောင့် ကျန်းမာရေး ထိခိုက်ခြင်း |
| ၄ | ရေပါ ထွက်ခြင်း၊ ဆေးခန်း ပျက်စီးပြီး ဆေးဝါး မလုံလောက်ခြင်း၊ ရိုက်ပျိုး | ၄ | အုပ်စုဝင် ... မရရှိခြင်းကြောင့် လူငယ်များ အသိအမြင် နိမ့်ကျခြင်း |
| ၅ | အိမ်သာများ အလွန်နည်းခြင်း ... ခြင်းများကြောင့် ဖျားနာမှုများ မပြေလည်ခြင်း | ၅ | လုံလောက်သော ... မရှိခြင်းကြောင့် ရွာပိုင်ပစ္စည်းများ ထိန်းသိမ်းရန် နေရာမရှိခြင်း၊ ... များ ကျင်းပရန် နေရာ ခက်ခဲခြင်း |

ဃ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ ) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကျယ်ပြန့်ကောင်းမွန်ပြီး ရာသီမရွေး သွားလာရ လွယ်ကူ | ၁ | ရွာတွင်းလမ်းများ ကောင်းမွန်ကာ ဖွံ့ဖြိုးတိုးတက်လာရမည်။ |
| ၂ | ဆင်းရဲမှုပြေခြင်း။ ... ကျောင်းဆောင်များ ပြည့်စုံကောင်းမွန်ပြီး ပညာရေး | ၂ | ကျန်းမာရေး အတွက် ဆေးခန်းနှင့် ဆေးဝါးများ လုံလောက်ရှိပါသည်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | တိုးတက်ကောင်းမွန်လာ ဖွံ့ဖြိုးတိုးတက်သော ရွာကလေး ဖြစ်ချင်ပါသည်။ ရွာ့ကျောင်းတွင် ကလေးများအတွက် | ၃ | ကျောင်း အိမ်သာ လုံလောက်ချင်ပါသည်။ |
| ၄ | အိမ်သာများ လုံလောက်ပြီး ကျန်းမာရေး ကောင်းမွန်ကာ ပျော်ရွှင်သောသူများ ပိုမိုဖြစ်ချင်ပါသည် | ၄ | ဂျုပ်ဆန်မိ ရရှိပြီး လူနေမှုအဆင့်အတန်း မြင့်လာကာ ဖွံ့ဖြိုးတိုးတက်ချင်ပါသည်။ |
| ၅ | အေးချမ်းမှုများလည်း ဖြစ်ထွန်းကောင်းမွန်ကာ ကျန်းမာပျော်ရွှင်သောသူများ ဖြစ်ကာ ဖွံ့ဖြိုးတိုးတက်ချင်ပါသည် | ၅ | ကျေးရွာအတွက် အကျိုးသုံးခွင့် ဆောင် ရရှိပြီး ကျေးရွာစည်းဝေးပွဲများနှင့် |
| ၆ | မိမိတို့ကျေးရွာ၏ အစိမ်းရောင်စီးပွားရေး လုပ်ငန်းဖြစ်သည့် မျိုးစေ့အတွက် နည်းစနစ်များ ရရှိချင်ပါသည်။ | ၆ | သဘောထား၊ အမြင်များ ကိုယ်စားလှယ်များတွင် ပါဝင်ခွင့် ပြုလာရမည်။ |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အစဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျား + မ | ၅,၀၀၀,၀၀၀/- | ၃၈၇-ဦး ခန့် |
| ၂ | ကျောင်းအိမ်သာတည်ဆောက်ခြင်း | ကျား + မ | ၃,၀၀၀,၀၀၀/- | ״ |
| ၃ | စာသင်ဆောင် ပြုပြင်ခြင်း | ကျား + မ | | ״ |
| ၄ | ကျေးရွာဘက်စုံသုံး ခန်းမ | ~~ကျား~~ မ | | ״ |
| ၅ | | | | |

၁၁။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း [illegible]

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အသုံးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာပေး | ကျား၊မ | livelyhood |
| ၂ | သင်တန်း | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် — [illegible] — လက်မှတ် — [signature] ရက်စွဲ 23.12.2017

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်း ကျေးရွာအုပ်စု၊ ကျွဲတလင်းကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း တတိယစက်ဝန်း ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါ်လှိုင်ဝတ်ရည်ထွန်း | လက်ထောက်နည်းပညာမှူး |
| ၂ | ဦးကောင်းမွန်ကျော် | လူထုစည်းရုံးရေးမှူး |
| ၄ | ကျေးရွာလူထု | (PC – 12 ) |
| ၅ | စောလင်းသန့် | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၆ | နော်အားမူး | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၇ | နော်အားထူး | ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၈ | စောထက်ထက် | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၉ | စောမန်နေဂျာ | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၁၀ | နော်စနေဖေါ် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၁ | စောအေးဆေး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ |
| ၁၂ | စောမိုင်းဝေ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ |
| ၁၃ | နော်သဒါး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၄ | နော်ချစ်စု | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၅ | စောမောင်ဒူး | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၆ | စောမောင်အုန်း | စေတနာ့ဂန်ထမ်း |
| ၁၇ | နော်ကလူထူး | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၈ | နော်သီတာဝင်း | ကျေးရွာငွေစာရင်းကိုင် |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းပြန်လည်မိတ်ဆက်ခြင်း၊ အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့် ကော်မတီများ ပြန်လည်အတည်ပြုခြင်း၊ ပြန်လည်ရွေးချယ်ခြင်း၊ တတိယနှစ်စက်ဝန်းအတွက်လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရှေးဦးစွာ ကျွဲတလင်းကျေးရွာ ရာအိမ်မှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက်ဂန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။
၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးကောင်းမွန်ကျော်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်းများကို ရှင်းလင်းပြောကြားခဲ့သည်။
၃။ လက်ထောက်နည်းပညာမှူး ဒေါ်လှိုင်ဝတ်ရည်ထွန်းမှ အကျိုးဝင်၊ အကျိုးမဝင်သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြော ကြားခဲ့သည်။
၄။ ဆက်လက်၍ အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့် ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကို အသီးသီးပြုလုပ်ခဲ့ကြသည်။
၅။ ထိုနောက် အမျိုးသမီးအမျိုးသားများ နှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပြီး ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။
၆။ ကော်မတီများ ပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးမှဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ဒုတိယနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို တတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင် ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုနောက်လိုအပ်သော ကော်မတီဝင်များကို ကျေးရွာလူထုသဘောတူ ဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။
၈။ ထိုနောက်တတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးပြီး အများသဘောတူ ဆုံးဖြတ်ရွေးချယ်ခဲ့ ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောလင်းသန့် |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | နော်အားမူး |
| ၃ | (ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ) | နော်အားထူး |
| ၄ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | စောထက်ထက် |
| ၅ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | စောမန်နေဂျာ |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | စောမှိုင်းဝေ |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်) | နော်သဒါး |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ဥက္ကဌ) | စောအေးဆေး |
| ၁၀ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ အဖွဲ့ဝင်) | နော်စနေဖေါ |
| ၁၂ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ချစ်စု |
| ၁၃ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | စောမောင်ဒူး |
| ၁၄ | (စေတနာ့ဂန်ထမ်း) | စောမောင်အုန်း |
| ၁၅ | (စေတနာ့ဂန်ထမ်း) | နော်ကလူထူး |
| ၁၆ | (ကျေးရွာငွေစာရင်းကိုင်) | နော်သီတာဝင်း |

(ခ)

| စဉ် | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ | အကျိုးခံစားခွင့်ရှိသူဦးရေ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား+မ | ၈၂ |
| ၂ | စာသင်ကျောင်းအိမ်သာတည်ဆောက် ခြင်း | ကျား+မ | ၈၂ |
| ၃ | စာသင်ဆောင်ပြုပြင်ခြင်း | ကျား | ၈၂ |
| ၄ | ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း | မ | ၈၂ |
| ၅ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း | ကျား | ၈၂ |

အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့်ညနေ(၅း၀၀) နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - ကျွဲတလင်း   +ကျွဲတလင်းအရှေ့စု                                   အုပ်စု - ကျွဲတလင်း

| အမည် | ရာထူး |
|---|---|
| စောလင်းသန့် | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဉက္ကဌ |
| နော်အားမူး | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဉက္ကဌ |
| နော်အားထူး | ဝယ်ယူရေးဆပ်ကော်မတီဉက္ကဌ |
| စောထက်ထက် | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| စောမန်နေဂျာ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| စောအေးဆေး | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဉက္ကဌ |
| နော်စနေဖေါ် | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် |
| စောမိုင်းဝေ | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဉက္ကဌ |
| နော်သဒါး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် |
| နော်ချစ်စု | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| စောမောင်ဒူး | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| စောမောင်အုန်း | ကျေးရွာစေတနာ့ဝန်ထမ်း |
| နော်ကလူထူး | ကျေးရွာစေတနာ့ဝန်ထမ်း |
| နော်သီတာဝင်း | ကျေးရွာငွေစာရင်းကိုင် |

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

ကျွဲတလင်းကျေးရွာနှင့်ကျွဲတလင်းအရှေ့စုကျေးရွာများ၏ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျားမ | ၂၀၁၈ | ကော်မတီဝင်<br>ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စာသင်ကျောင်းအိမ်သာတည်ခြင်း | ကျားမ | - | ကော်မတီဝင်<br>ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | စာသင်ဆောင်ပြုပြင်ခြင်း | ကျား | - | ကော်မတီဝင်<br>ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း | မ | - | ကော်မတီဝင်<br>ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေး ဝမ်းကျောင်း | ၅ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | ကျား | - | ကော်မတီဝင်<br>ကျေးရွာလူထု | - |